**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ**

**ကျန်းမာရေးဝန်ကြီးဌာန**

**(ပုဂ္ဂလိက ကျန်းမာရေးလုပ်ငန်းဆိုင်ရာနည်းဥပဒေများ)**

**အမိန့်ကြော်ငြာစာအမှတ် ၅၀/၂၀၁၅**

**၁၃၇၇ ခုနှစ်၊ သီတင်းကျွတ်လဆန်း ၂ ရက်**

**(၂၀၁၅ ခုနှစ်၊ အောက်တိုဘာလ ၁၅ ရက်)**

ကျန်းမာရေးဝန်ကြီးဌာနသည် ပုဂ္ဂလိက ကျန်းမာရေးလုပ်ငန်းဆိုင်ရာ ဥပဒေပုဒ်မ ၄၂၊ ပုဒ်မ ခွဲ (က) အရအပ်နှင်းသော လုပ်ပိုင်ခွင့်ကိုကျင့်သုံး၍ ပြည်ထောင်စု အစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ဤနည်းဥပဒေများကို ထုတ်ပြန်လိုက်သည်။

**အခန်း (၁)**

**အမည်နှင့် အဓိပ္ပာယ်ဖော်ပြချက်**

၁။ ဤနည်းဥပဒေများကို **ပုဂ္ဂလိက ကျန်းမာရေးလုပ်ငန်းဆိုင်ရာနည်းဥပဒေများ** ဟုခေါ်တွင်စေရမည်။

၂။ ဤနည်းဥပဒေများတွင်ပါရှိသော စကားရပ်များသည် ပုဂ္ဂလိက ကျန်းမာရေးလုပ်ငန်းဆိုင်ရာ ဥပဒေတွင်ပါရှိသည့်အတိုင်း အဓိပ္ပာယ်သက်ရောက်စေရမည်။ ထို့ပြင်အောက်ပါစကားရပ်များသည် ဖော်ပြပါ အတိုင်းအဓိပ္ပာယ်သက်ရောက်စေရမည်-

(က) **ဥပဒေ** ဆိုသည်မှာ ပုဂ္ဂလိက ကျန်းမာရေးလုပ်ငန်းဆိုင်ရာ ဥပဒေကိုဆိုသည်။

(ခ) **တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ကြီးကြပ်ရေးကော်မတီ** ဆိုသည်မှာ ပုဂ္ဂလိက ကျန်းမာရေး လုပ်ငန်းဆိုင်ရာဥပဒေအရ ဗဟိုအဖွဲ့ကဖွဲ့စည်းသော သက်ဆိုင်ရာတိုင်းဒေသကြီးသို့မဟုတ် ပြည်နယ် ပုဂ္ဂလိကကျန်းမာရေးလုပ်ငန်းဆိုင်ရာ ကြီးကြပ်ရေး ကော်မတီကိုဆိုသည်။

(ဂ) **ခရိုင်ကြီးကြပ်ရေးကော်မတီ** ဆိုသည်မှာ ပုဂ္ဂလိက ကျန်းမာရေးလုပ်ငန်းဆိုင်ရာ ဥပဒေအရ ဗဟိုအဖွဲ့ ကဖွဲ့စည်းသော သက်ဆိုင်ရာ ခရိုင် ပုဂ္ဂလိကကျန်းမာရေးလုပ်ငန်းဆိုင်ရာကြီးကြပ်ရေးကော်မတီကိုဆို သည်။

(ဃ) **မြို့နယ်ကြီးကြပ်ရေးကော်မတီ** ဆိုသည်မှာ ပုဂ္ဂလိက ကျန်းမာရေးလုပ်ငန်းဆိုင်ရာ ဥပဒေအရ ဗဟိုအဖွဲ့ကဖွဲ့စည်းသော သက်ဆိုင်ရာ မြို့နယ်ပုဂ္ဂလိကကျန်းမာရေးလုပ်ငန်းဆိုင်ရာ ကြီးကြပ်ရေး ကော်မတီကိုဆိုသည်။

(င) **လိုင်စင်** ဆိုသည်မှာ ပုဂ္ဂလိက ကျန်းမာရေးလုပ်ငန်းဆိုင်ရာ ဥပဒေအရထုတ်ပေးသော ပုဂ္ဂလိက ကျန်းမာရေးလုပ်ငန်းလိုင်စင်ကိုဆိုသည်။

(စ) **ပုံစံ** ဆိုသည်မှာ ဤနည်းဥပဒေများအရ သတ်မှတ်သည့်ပုံစံကိုဆိုသည်။

**အခန်း (၂)**

**ပုဂ္ဂလိက ကျန်းမာရေးလုပ်ငန်းအတွက် ကြိုတင်ခွင့်ပြုချက်**

Myanmar Law Information System (MLIS)

၃။ အောက်ပါ ပုဂ္ဂလိက ကျန်းမာရေးလုပ်ငန်းတစ်ရပ်ရပ် တည်ထောင်ဖွင့်လှစ်နိုင်ရေးအတွက် အဆောက်အအုံသစ် ဆောက်လုပ်လိုသူ သို့မဟုတ် လက်ရှိအဆောက်အအုံကိုပြုပြင်လိုသူ လုပ်ငန်းပိုင်ရှင်သည် ကြိုတင်ခွင့်ပြုချက် လျှောက်လွှာ (ပုံစံ- ၁) ဖြင့် မြို့နယ်ကြီးကြပ်ရေးကော်မတီသို့ လျှောက်ထားရမည်-

(က) ပုဂ္ဂလိက ဆေးခန်းလုပ်ငန်း၊

(၁) ပုဂ္ဂလိက အထွေထွေရောဂါကုဆေးခန်းလုပ်ငန်း၊

(၂) ပုဂ္ဂလိက အထူးကုဆေးခန်းလုပ်ငန်း။

(ခ) ပုဂ္ဂလိက ဆေးရုံလုပ်ငန်း၊

(၁) ပုဂ္ဂလိကအထွေထွေရောဂါကုဆေးရုံလုပ်ငန်း၊

(၂) ပုဂ္ဂလိကအထူးကုဆေးရုံလုပ်ငန်း။

(ဂ) ပုဂ္ဂလိက သားဖွားခန်းလုပ်ငန်း၊

(ဃ) ပုဂ္ဂလိကရောဂါရှာဖွေရေးလုပ်ငန်း၊

(င) ပုဂ္ဂလိက သူနာပြုစုရေးဂေဟာလုပ်ငန်း၊

(စ) ပုဂ္ဂလိက အထွေထွေကျန်းမာရေးလုပ်ငန်း။

၄။ နည်းဥပဒေ ၃ အရ ကြိုတင်ခွင့်ပြုချက်ကို သက်ဆိုင်ရာလုပ်ငန်းပိုင်ရှင်က လျှောက်ထားရမည်။ လုပ် ငန်းပိုင်ရှင်သည်-

(က) ကြိုတင်ခွင့်ပြုချက် လျှောက်လွှာ (ပုံစံ -၁) ပါအချက်အလက်များကို ပြည့်စုံစွာ ဖော်ပြရမည့်ပြင် ဗဟိုအဖွဲ့က အခါအားလျော်စွာ သတ်မှတ်သော အခြားအချက်အလက်များကိုလည်းပြည့်စုံစွာဖော်ပြရ မည်။

(ခ) ကြိုတင်ခွင့်ပြုချက် လျှောက်လွှာ (ပုံစံ- ၁) နှင့်အတူသက်ဆိုင်ရာ စည်ပင်သာယာရေးကော်မတီ သို့ မဟုတ် စည်ပင်သာယာရေးအဖွဲ့၏ထောက်ခံချက်အား ပူးတွဲတင်ပြရမည်။

၅။ မြို့နယ်ကြီးကြပ်ရေးကော်မတီသည် လက်ခံရရှိသော ကြိုတင်ခွင့်ပြုချက်လျှောက်လွှာပါ ဖော်ပြချက် များ ပြည့်စုံခြင်း ရှိ မရှိ စိစစ်ပြီး မိမိ၏သဘောထားမှတ်ချက်ဖြင့် ခရိုင်ကြီးကြပ်ရေးကော်မတီသို့ ဆောလျင်စွာတင်ပြရမည်။

၆။ ခရိုင်ကြီးကြပ်ရေးကော်မတီသည် မြို့နယ်ကြီးကြပ်ရေးကော်မတီက နည်းဥပဒေ၅ အရ ဆက်လက် တင်ပြသော ကြိုတင်ခွင့်ပြုချက်လျှောက်လွှာများကို လက်ခံရရှိသည့်အခါစိစစ်ပြီးမိမိ၏ သဘောထား မှတ်ချက်ဖြင့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ကြီးကြပ်ရေးကော်မတီသို့ ဆောလျင်စွာ တင်ပြရမည်။

၇။ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ကြီးကြပ်ရေးကော်မတီသည် နည်းဥပဒေ ၆ အရ ခရိုင်ကြီးကြပ် ရေးကော်မတီက ဆက်လက်တင်ပြသော ကြိုတင်ခွင့်ပြုချက် လျှောက်လွှာများကို လက်ခံရရှိသည့်အခါ စိ စစ်ပြီး နည်းဥပဒေ ၃၊ နည်းဥပဒေခွဲ (က) မှ (စ) အထိပါပုဂ္ဂလိက လုပ်ငန်းများအနက် ပုဂ္ဂလိက အထွေထွေရောဂါကု ဆေးခန်းလုပ်ငန်းမှတစ်ပါး အခြားလုပ်ငန်းများကို မိမိ၏သဘောထားမှတ်ချက်ဖြင့် ဗဟို အဖွဲ့သို့ဆောလျင်စွာတင်ပြရမည်။

၈။ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ကြီးကြပ်ရေးကော်မတီသည် နည်းဥပဒေ ၇ အရ စိစစ်ပြီးနောက် ပုဂ္ဂလိက အထွေထွေရောဂါကုဆေးခန်းလုပ်ငန်းဖြစ်ပါက-

(က) ကြိုတင်ခွင့်ပြုချက်ထုတ်ပေးရန် သင့် မသင့် ဆုံးဖြတ်ပေးရမည်၊

Myanmar Law Information System (MLIS)

(ခ) နည်းဥပဒေခွဲ (က) အရ ကြိုတင်ခွင့်ပြုချက်ထုတ်ပေးသင့်ကြောင်း ဆုံးဖြတ်ပါက ကြိုတင်ခွင့်ပြု ချက် (ပုံစံ -၂) ကိုထုတ်ပေးရမည်၊

(ဂ) နည်းဥပဒေခွဲ (ခ) အရ ကြိုတင်ခွင့်ပြုချက်ထုတ်ပေးရာတွင် ခွင့်ပြုချက်ရရှိသူ လိုက်နာရမည့် စည်းကမ်းချက်များကိုပူးတွဲပေးရမည်။

၉။ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ကြီးကြပ်ရေး ကော်မတီသည် နည်းဥပဒေ ၈၊ နည်းဥပဒေခွဲ (က) အရ ကြိုတင်ခွင့်ပြုချက်ထုတ်ပေးရန် မသင့်ကြောင်း ဆုံးဖြတ်ပါက ယင်းသို့ ကြိုတင်ခွင့်ပြုချက် ထုတ်ပေးရန် ငြင်းပယ်ကြောင်းကို ကျိုးကြောင်းဖော်ပြ၍ သက်ဆိုင်ရာ လျှောက်ထားသူထံ ပြန်ကြားရမည်။

၁၀။ ဗဟိုအဖွဲ့သည် နည်းဥပဒေ ၇ အရ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ကြီးကြပ်ရေး ကော်မတီက တင်ပြသော ကြိုတင်ခွင့်ပြုချက်လျှောက်လွှာကို လက်ခံရရှိသည့်အခါ-

(က) ကြိုတင်ခွင့်ပြုချက်ထုတ်ပေးရန်သင့် မသင့် ဆုံးဖြတ်ရမည်၊

(ခ) နည်းဥပဒေခွဲ (က) အရ ကြိုတင်ခွင့်ပြုချက် ထုတ်ပေးသင့်ကြောင်း ဆုံးဖြတ်ပါက ကြိုတင်ခွင့်ပြု ချက် (ပုံစံ - ၃) ကိုထုတ်ပေးရမည်၊

(ဂ) နည်းဥပဒေခွဲ (ခ) အရ ကြိုတင်ခွင့်ပြုချက်ထုတ်ပေးရာတွင် ခွင့်ပြုချက်ရရှိသူ လိုက်နာရမည့် စည်းကမ်းချက်များကိုပူးတွဲပေးရမည်။

၁၁။ ဗဟိုအဖွဲ့သည် နည်းဥပဒေ ၁၀၊ နည်းဥပဒေခွဲ (က) အရ ကြိုတင်ခွင့်ပြုချက် ထုတ်ပေးရန် မသင့် ကြောင်းဆုံးဖြတ်ပါက ယင်းသို့ကြိုတင်ခွင့်ပြုချက် ထုတ်ပေးရန်ငြင်းပယ်ကြောင်းကို ကျိုးကြောင်း ဖော်ပြ၍ သက်ဆိုင်ရာ လျှောက်ထားသူထံပြန်ကြားရမည်။

၁၂။ နည်းဥပဒေ ၃ အရ ကြိုတင်ခွင့်ပြုချက်လျှောက်လွှာနှင့် စပ်လျဉ်း၍ မြို့နယ်ကြီးကြပ်ရေးကော်မတီ၊ ခရိုင်ကြီးကြပ်ရေးကော်မတီ၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ကြီးကြပ်ရေးကော်မတီနှင့် ဗဟိုအဖွဲ့ တို့က စိစစ်ရာတွင် လိုအပ်ပါက သက်ဆိုင်ရာ အဆောက်အအုံသစ် ဆောက်လုပ်မည့် နေရာကိုသော် လည်းကောင်း၊ ပြုပြင်မည့် အဆောက်အအုံကိုသော်လည်းကောင်း သွားရောက်ကြည့်ရှုစစ်ဆေးနိုင်သည်။

## အခန်း (၃)

## ပုဂ္ဂလိက ကျန်းမာရေးလုပ်ငန်းလိုင်စင်လျှောက်ထားခြင်း

၁၃။ သာသနာ့ဝန်ထမ်းမဟုတ်သူတစ်ဦးဦးသည် ပုဂ္ဂလိက ကျန်းမာရေးလုပ်ငန်းတစ်ရပ်ရပ်ကို လုပ်ကိုင် လိုပါက မိမိလုပ်ကိုင်လိုသော ပုဂ္ဂလိက ကျန်းမာရေးလုပ်ငန်းအတွက် လိုင်စင်ရရှိရန် ပုဂ္ဂလိက ကျန်းမာရေးလုပ်ငန်းလိုင်စင် လျှောက်လွှာ ( ပုံစံ - ၄) ကိုလုပ်ငန်းဆောင်ရွက်မည့်မြို့နယ်ရှိ မြို့နယ်ကုသ ရေးဦးစီးဌာနမှူးရုံးသို့ ဆက်သွယ်ရယူကာ ပြည့်စုံစွာဖြည့်စွက်၍ မြို့နယ်ကြီးကြပ်ရေးကော်မတီသို့ လျှောက်ထားရမည်။

၁၄။ ပုဂ္ဂလိက ကျန်းမာရေးလုပ်ငန်းလိုင်စင်ကို လုပ်ကိုင်လိုသူတစ်ဦး၏ အမည်ဖြင့်သာ လျှောက်ထား ရမည်။

၁၅။ နည်းဥပဒေ ၁၃ အရ လိုင်စင်လျှောက်ထားရာတွင် အောက်ပါတို့ကိုပူးတွဲ တင်ပြရမည်-

Myanmar Law Information System (MLIS)

(က) လိုင်စင်လျှောက်ထားသူ၏ (၂ လက်မ × ၁ လက်မခွဲ) အရွယ် ရောင်စုံဓာတ်ပုံ ၄ ပုံ၊

(ခ) ပုဂ္ဂလိက ကျန်းမာရေးလုပ်ငန်း၏ ဥပစာအဆောက်အအုံ (ရှေ့ နှင့် နံဘေး) နှင့် အတွင်းခန်းများ အားလုံး၏ ရောင်စုံဓာတ်ပုံ (၃) စုံစီ၊

(ဂ) လျှောက်ထားသည့် လုပ်ငန်းအလိုက် သတ်မှတ်လိုင်စင်ကြေးများကို မြန်မာ့စီးပွားရေးဘဏ်ရှိ သက်ဆိုင်ရာ မြို့နယ်ကုသရေး ဦးစီးဌာနငွေထုတ်စာရင်းသို့ ပေးသွင်းထားသည့်ချလန်မူရင်းတစ် စောင် စီ။

၁၆။ နည်းဥပဒေ ၁၃ အရ လိုင်စင်လျှောက်ထားသူသည် ပုဂ္ဂလိက ကျန်းမာရေးလုပ်ငန်းလိုင်စင် လျှောက်လွှာ ( ပုံစံ - ၄ ) ဖြင့်လျှောက်ထားရာတွင်အောက်ပါ ပုဂ္ဂလိကကျန်းမာရေးလုပ်ငန်းအလိုက် သတ်မှတ်ပုံစံတွင် သက်ဆိုင်ရာအချက်အလက်များ ပြည့်စုံစွာဖော်ပြ၍ ပူးတွဲတင်ပြရမည်-

| | | |
|---|---|---|
| (က) | ပုဂ္ဂလိက အထွေထွေရောဂါကုဆေးခန်းလုပ်ငန်းအတွက် | ပဂက ပုံစံ (က)၊ |
| (ခ) | ပုဂ္ဂလိက အထူးကုဆေးခန်းလုပ်ငန်းအတွက် | ပဂက ပုံစံ (ခ)၊ |
| (ဂ) | ပုဂ္ဂလိက အထွေထွေ ရောဂါကုဆေးရုံလုပ်ငန်းအတွက် | ပဂက ပုံစံ (ဂ)၊ |
| (ဃ) | ပုဂ္ဂလိက အထူးကုဆေးရုံလုပ်ငန်းအတွက် | ပဂက ပုံစံ (ဃ)၊ |
| (င) | ပုဂ္ဂလိက သားဖွားလုပ်ငန်းအတွက် | ပဂက ပုံစံ (င)၊ |
| (စ) | ပုဂ္ဂလိက ရောဂါရှာဖွေရေးလုပ်ငန်း (ဓာတ်ခွဲ) အတွက် | ပဂက ပုံစံ (စ)၊ |
| (ဆ) | ပုဂ္ဂလိက ရောဂါရှာဖွေရေးလုပ်ငန်း (ဓာတ်မှန်) အတွက် | ပဂက ပုံစံ (ဆ)၊ |
| (ဇ) | ပုဂ္ဂလိက သူနာပြုစုရေးဂေဟာလုပ်ငန်းအတွက် | ပဂက ပုံစံ (ဇ)၊ |
| (ဈ) | ပုဂ္ဂလိက နယ်လှည့်ကျန်းမာရေးလုပ်ငန်းအတွက် | ပဂက ပုံစံ (ဈ)၊ |
| (ည) | ပုဂ္ဂလိက ကျန်းမာရေးအကျိုးဆောင်လုပ်ငန်းအတွက် | ပဂက ပုံစံ (ည)၊ |
| (ဋ) | ပုဂ္ဂလိက အထွေထွေ ကျန်းမာရေးလုပ်ငန်းအတွက် | ပဂက ပုံစံ (ဋ)။ |

၁၇။ လိုင်စင်လျှောက်ထားရာတွင် အောက်ပါ ပုဂ္ဂလိက ကျန်းမာရေးလုပ်ငန်းအတွက် လိုင်စင် လျှောက် ထားခြင်းဖြစ်ပါက နည်းဥပဒေ ၈၊ နည်းဥပဒေခွဲ (ခ) သို့မဟုတ် နည်းဥပဒေ ၁၀၊ နည်းဥပဒေခွဲ (ခ) အရ ထုတ်ပေးထားသော ကြိုတင်ခွင့်ပြုချက်ကိုပူးတွဲတင်ပြရမည်-

(က) ပုဂ္ဂလိက ဆေးခန်းလုပ်ငန်း၊

(၁) ပုဂ္ဂလိက အထွေထွေရောဂါကုဆေးခန်းလုပ်ငန်း၊

(၂) ပုဂ္ဂလိက အထူးကုဆေးခန်းလုပ်ငန်း။

(ခ) ပုဂ္ဂလိက ဆေးရုံလုပ်ငန်း၊

(၁) ပုဂ္ဂလိက အထွေထွေရောဂါကုဆေးရုံလုပ်ငန်း၊

(၂) ပုဂ္ဂလိက အထူးကုဆေးရုံလုပ်ငန်း။

(ဂ) ပုဂ္ဂလိက သားဖွားခန်းလုပ်ငန်း၊

(ဃ) ပုဂ္ဂလိကရောဂါရှာဖွေရေးလုပ်ငန်း၊

(င) ပုဂ္ဂလိက သူနာပြုစုရေးဂေဟာလုပ်ငန်း၊

Myanmar Law Information System (MLIS)

(စ) ပုဂ္ဂလိက အထွေထွေကျန်းမာရေးလုပ်ငန်း။

၁၈။ မြို့နယ်ကြီးကြပ်ရေးကော်မတီသည် ပုဂ္ဂလိက ကျန်းမာရေးလုပ်ငန်းလိုင်စင်လျှောက်လွှာ (ပုံစံ - ၄) ကို လက်ခံရရှိသည့်အခါ ပူးတွဲပါရှိရမည့် အထောက်အထားများပြည့်စုံစွာပါရှိခြင်းရှိ မရှိ နှင့် သက်ဆိုင်ရာ ပုဂ္ဂလိက ကျန်းမာရေးလုပ်ငန်းအတွက် သတ်မှတ်ပုံစံတွင်အချက်အလက်များ ပြည့်စုံစွာ ဖော်ပြထားခြင်း ရှိ မရှိ စိစစ်ရမည့်အပြင် ပုဂ္ဂလိက ဆေးရုံ တည်ထောင်ဖွင့်လှစ်ခွင့်လျှောက်ထားသည့် လျှောက်လွှာ ဖြစ်ပါက ဥပဒေပုဒ်မ ၈ ပါ အချက်များနှင့် လည်းကောင်း၊ ပုဂ္ဂလိက ဆေးခန်း တည်ထောင် ဖွင့်လှစ်ခွင့်လျှောက်ထားသည့် လျှောက်လွှာဖြစ်ပါက ဥပဒေပုဒ်မ ၉ ပါအချက်များနှင့်လည်းကောင်း၊ ပုဂ္ဂလိက သားဖွားခန်း တည်ထောင်ဖွင့်လှစ်ခွင့်လျှောက်ထားသည့် လျှောက်လွှာဖြစ်ပါက ဥပဒေပုဒ်မ ၁၀ ပါ အချက်များနှင့်လည်းကောင်း ညီညွတ်ခြင်း ရှိ မရှိ စိစစ်ရမည်။

၁၉။ မြို့နယ်ကြီးကြပ်ရေးကော်မတီသည် နည်းဥပဒေ ၁၈ အရ စိစစ်ပြီးသော ပုဂ္ဂလိကကျန်းမာရေးလုပ်ငန်းလိုင်စင်လျှောက်လွှာနှင့် စပ်လျဉ်း၍ မိမိ၏ သဘောထားမှတ်ချက်ဖြင့်ခရိုင် ကြီးကြပ်ရေးကော်မတီ သို့ဆောလျင်စွာတင်ပြရမည်။

၂၀။ ခရိုင်ကြီးကြပ်ရေးကော်မတီသည် မြို့နယ်ကြီးကြပ်ရေးကော်မတီက နည်းဥပဒေ ၁၉ အရ ဆက်လက်တင်ပြသော ပုဂ္ဂလိကကျန်းမာရေးလုပ်ငန်း လိုင်စင်လျှောက်လွှာကို လက်ခံရရှိသည့်အခါ စိစစ်ပြီး မိမိ၏သဘောထားမှတ်ချက်ဖြင့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ကြီးကြပ်ရေးကော်မတီ သို့ဆောလျင်စွာ ဆက်လက်တင်ပြရမည်။

၂၁။ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ကြီးကြပ်ရေးကော်မတီသည် နည်းဥပဒေ ၂၀ အရ ဆက်လက် တင်ပြသော ပုဂ္ဂလိက ကျန်းမာရေးလုပ်ငန်းလိုင်စင်လျှောက်လွှာကို လက်ခံရရှိသည့်အခါ စိစစ်ပြီး နည်းဥပဒေ ၁၆၊ နည်းဥပဒေခွဲ (ခ) မှ (ဠ) အထိပါ ပုဂ္ဂလိက ကျန်းမာရေးလုပ်ငန်းတစ်ရပ်ရပ် ဖြစ်ပါက မိမိ၏ သဘောထားမှတ်ချက်ဖြင့် ဗဟိုအဖွဲ့သို့ ဆောလျင်စွာတင်ပြရမည်။

၂၂။ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ကြီးကြပ်ရေးကော်မတီသည် နည်းဥပဒေ ၂၁ အရ စိစစ်ပြီး နောက် နည်းဥပဒေ ၁၆၊ နည်းဥပဒေခွဲ (က) ပါ ပုဂ္ဂလိက အထွေထွေရောဂါကုဆေးခန်းလုပ်ငန်းဖြစ်ပါ က-

(က) လိုင်စင်ထုတ်ပေးရန် သင့် မသင့် ဆုံးဖြတ်ရမည်၊

(ခ) နည်းဥပဒေခွဲ (က) အရ လိုင်စင်ထုတ်ပေးသင့်ကြောင်း ဆုံးဖြတ်ပါက ပုဂ္ဂလိက အထွေထွေရောဂါကု ဆေးခန်းလုပ်ငန်းလိုင်စင် (ပုံစံ-၅) ကိုထုတ်ပေးရမည်၊

(ဂ) နည်းဥပဒေခွဲ (ခ) အရ ထုတ်ပေးသည့် လိုင်စင်တွင် လိုင်စင်သက်တမ်း ဖော်ပြရမည့် အပြင် ခွင့်ပြုချက် ရရှိသူလိုက်နာရမည့် စည်းကမ်းချက်များကို ပူးတွဲပေးရမည်။

၂၃။ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ကြီးကြပ်ရေးကော်မတီသည် နည်းဥပဒေ ၂၂၊ နည်းဥပဒေခွဲ (က) အရ လိုင်စင်ထုတ်ပေးရန် မသင့်ကြောင်းဆုံးဖြတ်ပါက ယင်းသို့လိုင်စင်ထုတ်ပေးရန်ငြင်းပယ် ကြောင်းကို ကျိုးကြောင်းဖော်ပြ၍ သက်ဆိုင်ရာလျှောက်ထားသူထံပြန်ကြားရမည်။

၂၄။ ဗဟိုအဖွဲ့သည် နည်းဥပဒေ ၂၁ အရ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ကြီးကြပ်ရေး ကော်မတီက တင်ပြသော လိုင်စင်လျှောက်လွှာကို လက်ခံရရှိသည့်အခါ-

Myanmar Law Information System (MLIS)

(က) လိုင်စင်ထုတ်ပေးရန် သင့် မသင့် ဆုံးဖြတ်ရမည်၊

(ခ) နည်းဥပဒေခွဲ (က) အရ လိုင်စင်ထုတ်ပေးသင့်ကြောင်း ဆုံးဖြတ်ပါက ပုဂ္ဂလိက ကျန်းမာရေး လုပ်ငန်း လိုင်စင် (ပုံစံ-၆) ကိုထုတ်ပေးရမည်၊

(ဂ) နည်းဥပဒေခွဲ (ခ) အရ ထုတ်ပေးသည့် လိုင်စင်တွင် လိုင်စင်သက်တမ်းဖော်ပြရမည့်အပြင် ခွင့်ပြုချက်ရရှိသူ လိုက်နာရမည့် စည်းကမ်းချက်များကိုပူးတွဲပေးရမည်။

၂၅။ ဗဟိုအဖွဲ့သည် နည်းဥပဒေ ၂၄၊ နည်းဥပဒေခွဲ (က) အရ လိုင်စင်ထုတ်ပေးရန် မသင့်ကြောင်း ဆုံး ဖြတ်ပါက ယင်းသို့ လိုင်စင်ထုတ်ပေးရန် ငြင်းပယ်ကြောင်းကို ကျိုးကြောင်းဖော်ပြ၍ သက်ဆိုင်ရာ လျှောက်ထားသူထံပြန်ကြားရမည်။

၂၆။ မြို့နယ်ကြီးကြပ်ရေးကော်မတီ၊ ခရိုင်ကြီးကြပ်ရေးကော်မတီ၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် ကြီးကြပ်ရေးကော်မတီနှင့် ဗဟိုအဖွဲ့တို့သည် နည်းဥပဒေ ၁၃ အရ လျှောက်ထားသော လိုင်စင် လျှောက်လွှာနှင့် စပ်လျဉ်း၍ စိစစ်ဆောင်ရွက်ရာတွင်လိုအပ်ပါက သက်ဆိုင်ရာ အဆောက်အအုံသို့သွား ရောက်ကြည့်ရှုစစ်ဆေးနိုင်သည်။

## အခန်း (၄)
## လိုင်စင်သက်တမ်းတိုးမြှင့်ခြင်း

၂၇။ ပုဂ္ဂလိက ကျန်းမာရေးလုပ်ငန်းလိုင်စင်ရရှိသူသည် မိမိတည်ထောင်လုပ်ကိုင်ခွင့်ရရှိထားသော ပုဂ္ဂလိ ကကျန်းမာရေးလုပ်ငန်းတစ်ရပ်ရပ်၏ လိုင်စင်သက်တမ်း ကုန်ဆုံးပြီးနောက် လုပ်ငန်းကို ဆက်လက်လုပ် ကိုင်လိုပါက လိုင်စင်သက်တမ်းမကုန်ဆုံးမီ အနည်းဆုံး ရက်ပေါင်း ၆၀ ကြိုတင်၍ သတ်မှတ်ထားသော သက်တမ်းတိုးမြှင့်ကြေးပေးသွင်းကာ လိုင်စင်သက်တမ်းတိုးမြှင့်ပေးရန် လျှောက်လွှာ (ပုံစံ-၇) ဖြင့် မြို့ နယ်ကြီးကြပ်ရေးကော်မတီသို့ လျှောက်ထားရမည်။ သတ်မှတ်ရက်ထက် နောက်ကျပါက ဗဟိုအဖွဲ့က သတ်မှတ်သောရက်လွန်ကြေး ပေးသွင်း၍ လျှောက်ထားနိုင်သည်။

၂၈။ နည်းဥပဒေ ၂၇ အရ လိုင်စင်သက်တမ်း တိုးမြှင့်ပေးရန် လျှောက်ထားရာတွင် လိုင်စင် သက်တမ်း တိုးမြှင့်ကြေးပေးသွင်းသည့် ချလန်မူရင်းနှင့် လိုင်စင်ကတ်ပြားမိတ္တူတို့ကိုလိုင်စင် သက်တမ်းတိုးမြှင့် ပေးရန် လျှောက်လွှာနှင့်အတူ ပူးတွဲတင်ပြရမည်။

၂၉။ မြို့နယ်ကြီးကြပ်ရေးကော်မတီသည် နည်းဥပဒေ ၂၇ အရ တင်သွင်းသော လိုင်စင်သက်တမ်း တိုး မြှင့်ပေးရန် လျှောက်လွှာအပေါ် မိမိ၏သဘောထားမှတ်ချက်ဖြင့် ခရိုင်ကြီးကြပ်ရေးကော်မတီသို့လည်း ကောင်း၊ ခရိုင်ကြီးကြပ်ရေးကော်မတီသည် ယင်းလျှောက်လွှာအပေါ်မိမိ၏သဘောထား မှတ်ချက်ဖြင့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ကြီးကြပ်ရေးကော်မတီသို့ လည်းကောင်း ကြန့်ကြာခြင်းမရှိစေဘဲ တင်ပြရမည်။

၃၀။ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ကြီးကြပ်ရေးကော်မတီသည်-

(က) ပုဂ္ဂလိက အထွေထွေရောဂါကုဆေးခန်းလုပ်ငန်းအတွက် လိုင်စင်သက်တမ်းတိုးမြှင့် ပေးရန်ခွင့်ပြု ပြီး သက်တမ်းတိုးမြှင့်ပေးသည့် လိုင်စင်ကိုထုတ်ပေးနိုင်သည်၊

Myanmar Law Information System (MLIS)

(ခ) ပုဂ္ဂလိက အထွေထွေရောဂါကုဆေးခန်းလုပ်ငန်းမှ တစ်ပါး နည်းဥပဒေ ၁၆၊ နည်းဥပဒေခွဲ (ခ) မှ (ဋ) အထိပါ ပုဂ္ဂလိက ကျန်းမာရေးလုပ်ငန်းတစ်ရပ်ရပ်ဖြစ်ပါက လိုင်စင်သက်တမ်းတိုးမြှင့်ပေးရန် လျှောက်လွှာအပေါ် မိမိ၏ သဘောထားမှတ်ချက်ဖြင့် ဗဟိုအဖွဲ့သို့တင်ပြရမည်။

၃၁။ ဗဟိုအဖွဲ့သည် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ကြီးကြပ်ရေးကော်မတီက နည်းဥပဒေ ၃၀၊ နည်းဥပဒေခွဲ (ခ) အရ တင်ပြသော ပုဂ္ဂလိကကျန်းမာရေးလုပ်ငန်းအတွက် လိုင်စင်သက်တမ်းတိုးမြှင့် ပေးရန်ခွင့်ပြုပြီး သက်တမ်းတိုးမြှင့်ပေးသည့် လိုင်စင်ကိုထုတ်ပေးနိုင်သည်။

## အခန်း (၅)

## လိုင်စင်ကို လွှဲပြောင်းခြင်းနှင့် ငှားရမ်းခြင်း

၃၂။ လိုင်စင်ရရှိထားသူသည် မိမိတည်ထောင်လုပ်ကိုင်ခွင့် ရရှိထားသော ပုဂ္ဂလိက ကျန်းမာရေးလုပ်ငန်း နှင့်စပ်လျဉ်း၍ အခြားသူတစ်ဦးဦး သို့ လွှဲပြောင်းခြင်း သို့မဟုတ် ငှားရမ်းခြင်း ပြုလုပ်လိုပါက ပုဂ္ဂလိက ကျန်းမာရေးလုပ်ငန်းလိုင်စင် လွှဲပြောင်းခြင်း သို့မဟုတ် ငှားရမ်းခြင်းခွင့်ပြုရန် လျှောက်လွှာ (ပုံစံ-၈) ဖြင့် မြို့နယ်ကြီးကြပ်ရေးကော်မတီသို့ လျှောက်ထားရမည်။

၃၃။ မြို့နယ်ကြီးကြပ်ရေးကော်မတီသည် နည်းဥပဒေ ၃၂ အရ တင်သွင်းသော လိုင်စင်လွှဲပြောင်းခွင့် သို့မ ဟုတ် ငှားရမ်းခွင့်ပြုရန်လျှောက်လွှာ အပေါ် မိမိ၏သဘောထားမှတ်ချက် ဖြင့် ခရိုင်ကြီးကြပ်ရေးကော်မ တီသို့လည်းကောင်း၊ ခရိုင်ကြီးကြပ်ရေးကော်မတီသည် ယင်းလျှောက်လွှာအပေါ် မိမိ၏သဘောထားမှတ် ချက်ဖြင့်တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ကြီးကြပ်ရေးကော်မတီသို့လည်းကောင်း ကြန့်ကြာခြင်းမရှိ စေဘဲတင်ပြရမည်။

၃၄။ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ကြီးကြပ်ရေးကော်မတီသည် ပုဂ္ဂလိက အထွေထွေရောဂါကု ဆေးခန်းလုပ်ငန်းအတွက် လိုင်စင်ကိုလွှဲပြောင်းရန် သို့မဟုတ် ငှားရမ်းရန် ခွင့်ပြုနိုင်သည်။ ပုဂ္ဂလိက အထွေထွေရောဂါကု ဆေးခန်းလုပ်ငန်းမှတစ်ပါး အခြားပုဂ္ဂလိက ကျန်းမာရေးလုပ်ငန်းအမျိုးအစား ဖြစ်ပါက လိုင်စင်ကို လွှဲပြောင်းခွင့် သို့မဟုတ် ငှားရမ်းခွင့်ပြုရန် လျှောက်လွှာအပေါ် မိမိ၏သဘောထား မှတ်ချက်ဖြင့် ဗဟိုအဖွဲ့သို့ တင်ပြရမည်။

၃၅။ ဗဟိုအဖွဲ့သည် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ကြီးကြပ်ရေးကော်မတီက နည်းဥပဒေ ၃၄ အရ တင်ပြသော ပုဂ္ဂလိက ကျန်းမာရေးလုပ်ငန်း တစ်ရပ်ရပ်အတွက် လိုင်စင်ကိုလွှဲပြောင်းရန် သို့မဟုတ် ငှားရမ်းရန်ခွင့်ပြုနိုင်သည်။

၃၆။ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ကြီးကြပ်ရေးကော်မတီနှင့် ဗဟိုအဖွဲ့တို့သည် လိုင်စင် လွှဲပြောင်း ခွင့် သို့မဟုတ် ငှားရမ်းခွင့် လျှောက်လွှာအပေါ် မိမိ၏ဆုံးဖြတ်ချက်ကို သက်ဆိုင်ရာ လျှောက် ထားသူထံ ဆောလျင်စွာ အကြောင်းကြားရမည်။

## အခန်း (၆)

## အထွေထွေ

Myanmar Law Information System (MLIS)

၃၇။ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ကြီးကြပ်ရေးကော်မတီက ဥပဒေပုဒ်မ ၂၆ အရ ချမှတ်သောစီမံ ခန့်ခွဲရေးဆိုင်ရာ အမိန့်တစ်ရပ်ရပ်ကို မကျေနပ်၍ ဗဟိုအဖွဲ့သို့အယူခံသူသည် အယူခံလွှာတွင် အယူခံဝင်ရောက်သည့်အကျိုးအကြောင်းဖော်ပြချက်ကို ဖော်ပြပြီး သက်ဆိုင်ရာကြီးကြပ်ရေး ကော်မတီ၏ အမိန့်ကို ပူးတွဲတင်ပြရမည်။

၃၈။ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ကြီးကြပ်ရေးကော်မတီသည် သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်တွင် ပုဂ္ဂလိက အထွေထွေ ရောဂါကု ဆေးခန်းလိုင်စင် ထုတ်ပေးမှုမှတ်တမ်းကို ပုဂ္ဂလိက အထွေထွေရောဂါကုဆေးခန်းလုပ်ငန်းလိုင်စင်မှတ်ပုံတင် (ပုံစံ-၉) ဖြင့်ပြုစုထားရှိရမည်။

၃၉။ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ကြီးကြပ်ရေးကော်မတီသည် သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်တွင် ပုဂ္ဂလိက အထွေထွေ ရောဂါကု ဆေးခန်းလိုင်စင်ထုတ်ပေးမှုအခြေအနေကိုဗဟို အဖွဲ့သို့ လေးလလျှင်တစ်ကြိမ် တင်ပြရမည်။

၄၀။ ဗဟိုအဖွဲ့သည် ပုဂ္ဂလိက ကျန်းမာရေးလုပ်ငန်းလိုင်စင် ထုတ်ပေးမှုမှတ်တမ်းကို ပုဂ္ဂလိက ကျန်းမာရေးလုပ်ငန်းလိုင်စင် မှတ်ပုံတင် (ပုံစံ - ၁၀) ဖြင့် ပြုစုထားရှိရမည်။

၄၁။ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ကြီးကြပ်ရေးကော်မတီသည် သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်တွင် ဘဏ္ဍာရေးနှစ်အလိုက် ပုဂ္ဂလိက ကျန်းမာရေးလုပ်ငန်းလိုင်စင်ကြေးကောက်ခံ ရရှိမှု အခြေအနေကို (ပုံစံ - ၁၁) ဖြင့် ဗဟိုအဖွဲ့သို့တင်ပြရမည်။

၄၂။ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ကြီးကြပ်ရေးကော်မတီသည် သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်တွင် ဘဏ္ဍာရေးနှစ်အလိုက် ပုဂ္ဂလိက ကျန်းမာရေးလုပ်ငန်းသက်တမ်းတိုး လိုင်စင် ကြေးကောက်ခံ ရရှိမှု အခြေအနေကို ( ပုံစံ - ၁၂) ဖြင့် ဗဟိုအဖွဲ့သို့တင်ပြရမည်။

၄၃။ ဗဟိုအဖွဲ့နှင့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ကြီးကြပ်ရေးကော်မတီတို့သည် လိုင်စင် သက်တမ်း ၂ ကြိမ်ထက်ကျော်လွန်၍ သက်တမ်းတိုး ဆောင်ရွက်ခြင်းမပြုသော ပုဂ္ဂလိက ကျန်းမာရေး လုပ်ငန်း၏ လိုင်စင်ကို ပယ်ဖျက်ရမည်။

၄၄။ ပုဂ္ဂလိက ကျန်းမာရေးလုပ်ငန်းများသည် သက်ဆိုင်ရာကြီးကြပ်ရေးကော်မတီများ၏ အခါအား လျော်စွာ စစ်ဆေးခြင်းကိုခံယူရမည်။

(ဒေါက်တာသန်းအောင်)

ပြည်ထောင်စုဝန်ကြီး

**----- Attachment -----**

[ ပူးတွဲဖော်ပြသော စာရင်း 1 ] 01 ပုံစံ -၁ပုဂ္ဂလိက ကျန်းမာရေးလုပ်ငန်းအတွက် ကြိုတင်ခွင့်ပြုချက်လျှောက်လွှာ

Myanmar Law Information System (MLIS)

[ ပူးတွဲဖော်ပြသော စာရင်း 2 ] 02 ပုံစံ-၂ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရကျန်းမာရေးဝန်ကြီးဌာနပုဂ္ဂလိက ကျန်းမာရေးလုပ်ငန်းဆိုင်ရာ ကြီးကြပ်ရေးကော်မတီ "ကြိုတင်ခွင့်ပြုချက်"

[ ပူးတွဲဖော်ပြသော စာရင်း 3 ] 03 ပုံစံ-၃ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရကျန်းမာရေးဝန်ကြီးဌာနပုဂ္ဂလိက ကျန်းမာရေးလုပ်ငန်းဆိုင်ရာဗဟိုအဖွဲ့ "ကြိုတင်ခွင့်ပြုချက်"

[ ပူးတွဲဖော်ပြသော စာရင်း 4 ] 04 ပုံစံ - ၄ပုဂ္ဂလိက ကျန်းမာရေးလုပ်ငန်းများ လိုင်စင်ထုတ်ပေးရန်လျှောက်လွှာ

[ ပူးတွဲဖော်ပြသော စာရင်း 5 ] 05 ပဂကပုံစံ (က)ပုဂ္ဂလိက အထွေထွေရောဂါကုဆေးခန်းလုပ်ငန်း

[ ပူးတွဲဖော်ပြသော စာရင်း 6 ] 06 ပဂက ပုံစံ (ခ) ပုဂ္ဂလိက အထူးကုဆေးခန်းလုပ်ငန်း

[ ပူးတွဲဖော်ပြသော စာရင်း 7 ] 07 ပဂက ပုံစံ (ဂ)ပုဂ္ဂလိက အထွေထွေရောဂါကုဆေးရုံလုပ်ငန်း

[ ပူးတွဲဖော်ပြသော စာရင်း 8 ] 08 ပဂက ပုံစံ (ဃ)ပုဂ္ဂလိက အထူးကုဆေးရုံလုပ်ငန်း

[ ပူးတွဲဖော်ပြသော စာရင်း 9 ] 09 ပဂက ပုံစံ (င)ပုဂ္ဂလိက သားဖွားခန်းလုပ်ငန်း လိုင်စင်လျှောက်ထားရန် ပုံစံ

[ ပူးတွဲဖော်ပြသော စာရင်း 10 ] 10 ပဂက ပုံစံ (စ)ပုဂ္ဂလိက ရောဂါရှာဖွေရေးလုပ်ငန်း (ဓာတ်ခွဲ)

[ ပူးတွဲဖော်ပြသော စာရင်း 11 ] 11 ပဂက ပုံစံ (ဆ)ပုဂ္ဂလိက ရောဂါရှာဖွေရေးလုပ်ငန်း (ဓာတ်မှန်)

[ ပူးတွဲဖော်ပြသော စာရင်း 12 ] 12 ပဂက ပုံစံ (ဇ)ပုဂ္ဂလိက သူနာပြုစုရေးဂေဟာလုပ်ငန်း

[ ပူးတွဲဖော်ပြသော စာရင်း 13 ] 13 ပဂက ပုံစံ (ဈ)ပုဂ္ဂလိက နယ်လှည့်ကျန်းမာရေးလုပ်ငန်း

[ ပူးတွဲဖော်ပြသော စာရင်း 14 ] 14 ပဂကပုံစံ (ည)ပုဂ္ဂလိက ကျန်းမာရေးအကျိုးဆောင်လုပ်ငန်း

[ ပူးတွဲဖော်ပြသော စာရင်း 15 ] 15 ပဂက ပုံစံ (ဋ)ပုဂ္ဂလိက အထွေထွေကျန်းမာရေးလုပ်ငန်း

[ ပူးတွဲဖော်ပြသော စာရင်း 16 ] 16 ပုံစံ-၅ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရကျန်းမာရေးဝန်ကြီးဌာနပုဂ္ဂလိက ကျန်းမာရေးလုပ်ငန်းဆိုင်ရာ ကြီးကြပ်ရေးကော်မတီ "ပုဂ္ဂလိက အထွေထွေရောဂါကုဆေးခန်းလုပ်ငန်းလိုင်စင်"

[ ပူးတွဲဖော်ပြသော စာရင်း 17 ] 17 ပုံစံ-၆ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရကျန်းမာရေးဝန်ကြီးဌာနပုဂ္ဂလိက ကျန်းမာရေးလုပ်ငန်းဆိုင်ရာ ဗဟိုအဖွဲ့ "ပုဂ္ဂလိက ကျန်းမာရေးလုပ်ငန်းလိုင်စင်"

[ ပူးတွဲဖော်ပြသော စာရင်း 18 ] 18 ပုံစံ - ၇ပုဂ္ဂလိက ကျန်းမာရေးလုပ်ငန်းများ လိုင်စင်သက်တမ်းတိုးမြှင့်ပေးရန်လျှောက်လွှာ

[ ပူးတွဲဖော်ပြသော စာရင်း 19 ] 19 ပုံစံ -၈ပုဂ္ဂလိက ကျန်းမာရေးလုပ်ငန်း လိုင်စင်လွှဲပြောင်းခြင်း သို့မဟုတ် ငှားရမ်းခြင်း ခွင့်ပြုပါရန်လျှောက်လွှာ

[ ပူးတွဲဖော်ပြသော စာရင်း 20 ] 20 ပုံစံ - ၉ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရကျန်းမာရေးဝန်ကြီးဌာနပုဂ္ဂလိက ကျန်းမာရေးလုပ်ငန်းဆိုင်ရာကြီးကြပ်ရေးကော်မတီ ပုဂ္ဂလိက အထွေထွေ ရောဂါကုဆေးခန်းလုပ်ငန်း လိုင်စင်မှတ်ပုံတင် _____________________________တိုင်းဒေသကြီး/ပြည်နယ်

[ ပူးတွဲဖော်ပြသော စာရင်း 21 ] 21 ပုံစံ - ၉ ပုဂ္ဂလိက ကျန်းမာရေးလုပ်ငန်းလိုင်စင်မှတ်ပုံတင်

[ ပူးတွဲဖော်ပြသော စာရင်း 22 ] 22 ပုံစံ - ၁၀ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရကျန်းမာရေးဝန်ကြီးဌာနပုဂ္ဂလိက ကျန်းမာရေးလုပ်ငန်းဆိုင်ရာဗဟိုအဖွဲ့ ပုဂ္ဂလိက ကျန်းမာရေးလုပ်ငန်းလိုင်စင်မှတ်ပုံတင် (ဗဟို)

[ ပူးတွဲဖော်ပြသော စာရင်း 23 ] 23 ပုံစံ - ၁၀ ပုဂ္ဂလိက ကျန်းမာရေးလုပ်ငန်းလိုင်စင်မှတ်ပုံတင်

[ ပူးတွဲဖော်ပြသော စာရင်း 24 ] 24 ပုံစံ -၁၁ပုဂ္ဂလိက ကျန်းမာရေးလုပ်ငန်းလိုင်စင်ကြေးရရှိမှုအခြေအနေ ( ၁- ၄- ၂၀ ရက်နေ့မှ ၃၁- ၃- ၂၀ ရက်နေ့အထိ)

Myanmar Law Information System (MLIS)

[ ပူးတွဲဖော်ပြသော စာရင်း 25 ] 25 ပုံစံ -၁၁ပုဂ္ဂလိက ကျန်းမာရေးလုပ်ငန်းလိုင်စင်ကြေးရရှိမှုအခြေအနေ (အဆက်)( ၁- ၄- ၂၀ ရက်နေ့မှ ၃၁- ၃- ၂၀ ရက်နေ့အထိ)

[ ပူးတွဲဖော်ပြသော စာရင်း 26 ] 26 ပုံစံ -၁၁ပုဂ္ဂလိက ကျန်းမာရေးလုပ်ငန်းလိုင်စင်ကြေးရရှိမှုအခြေအနေ (အဆက်) ( ၁- ၄- ၂၀ ရက်နေ့မှ ၃၁- ၃- ၂၀ ရက်နေ့အထိ)

[ ပူးတွဲဖော်ပြသော စာရင်း 27 ] 27 ပုံစံ -၁၁ပုဂ္ဂလိက ကျန်းမာရေးလုပ်ငန်းလိုင်စင်ကြေးရရှိမှုအခြေအနေ ပေါင်းချုပ် (၁- ၄- ၂၀ ရက်နေ့မှ ၃၁- ၃- ၂၀ ရက်နေ့အထိ)

[ ပူးတွဲဖော်ပြသော စာရင်း 28 ] 28 ပုံစံ -၁၂ပုဂ္ဂလိက ကျန်းမာရေးလုပ်ငန်း သက်တမ်းတိုးမြှင့်ကြေးရရှိမှုအခြေအနေ (၁- ၄- ၂၀ ရက်နေ့မှ ၃၁- ၃- ၂၀ ရက်နေ့အထိ)

[ ပူးတွဲဖော်ပြသော စာရင်း 29 ] 29 ပုံစံ -၁၂ပုဂ္ဂလိက ကျန်းမာရေးလုပ်ငန်း သက်တမ်းတိုးမြှင့်ကြေး ရရှိမှုအခြေအနေ (အဆက်) (၁- ၄- ၂၀ ရက်နေ့မှ ၃၁- ၃- ၂၀ ရက်နေ့အထိ)

[ ပူးတွဲဖော်ပြသော စာရင်း 30 ] 30 ပုံစံ -၁၂ပုဂ္ဂလိက ကျန်းမာရေးလုပ်ငန်း သက်တမ်းတိုးမြှင့်ကြေး ရရှိမှုအခြေအနေ (အဆက်) (၁- ၄- ၂၀ ရက်နေ့မှ ၃၁- ၃- ၂၀ ရက်နေ့အထိ)

[ ပူးတွဲဖော်ပြသော စာရင်း 31 ] 31 ပုံစံ -၁၂ပုဂ္ဂလိက ကျန်းမာရေးလုပ်ငန်း သက်တမ်းတိုးမြှင့်ကြေး ရရှိမှုအခြေအနေ ပေါင်းချုပ် (၁- ၄- ၂၀ ရက်နေ့မှ ၃၁- ၃- ၂၀ ရက်နေ့အထိ)

Myanmar Law Information System (MLIS)